# STUDENT LIFE
## INSURANCE CHECKLIST
## စာသင်သားအသက်အာမခံ

AMI Life အသက်အာမခံ

- **ရည်ရွယ်ချက်**

  စာသင်သားအသက်အာမခံသည် ရင်သွေးငယ်များ၏ ပညာရေးခရီးဖြောင့်ဖြူးစေရန်အတွက် ငွေကြေးအထောက်အပံ့ ရစေရန် ရည်ရွယ်ပါသည်။

- **အာမခံအမျိုးအစား**

  တစ်ဦးချင်း ထားရှိနိုင်သည့် ငွေပင်ငွေရင်း အသက်အာမခံ အမျိုးအစားဖြစ်ပါသည်။

- **အာမခံဝယ်ယူနိုင်သူများ**

  အသက် (၁၈) နှစ်မှ အသက် (၅၅) နှစ်အတွင်းရှိသည့် မိခင် (သို့) ဖခင်ကဝယ်ယူနိုင်ပါသည်။

- **အာမခံထားနိုင်သူများ**

  အသက် (၁) နှစ်၊ (၃၀) ရက်သားမှ (၁၂) နှစ် အတွင်း ရှိသူ သား (သို့မဟုတ်) သမီးအား ထားပေးနိုင်ပါသည်။ ပေါ်လစီ တစ်စောင်တွင် သား (သို့မဟုတ်) သမီးတစ်ဦးတည်းကိုသာ အာမခံထားရန် ဖြစ်ပါသည်။

- **အာမခံထားငွေ**

  အနည်းဆုံး ကျပ် (၁၀)သိန်းမှ အများဆုံး ကျပ်သိန်း (၁,၀၀၀) အထိထားရှိနိုင်ပါသည်။အာမခံသက်တမ်းမှာ အနည်းဆုံး (၈) နှစ်မှ အများဆုံး (၁၉) နှစ်အထိဖြစ်ပါသည်။ အာမခံထားသူရင်သွေးငယ် အသက် (၁၇) နှစ်အရွယ်ရောက်ရန် ကျန်ရှိမည့် နှစ်ကာလအလိုက် အာမခံသက်တမ်း အားရွေးချယ်ထားရှိရန် ဖြစ်ပါသည်။

- **ပရီမီယံကြေးပေးသွင်းရန်သက်တမ်း**

  ပရီမီယံသက်တမ်းမှာ အနည်းဆုံး (၅) နှစ်မှ အများဆုံး (၁၆) နှစ်အထိဖြစ်ပါသည်။

- **ပရီမီယံကြေးပေးသွင်းခြင်း**

  ပရီမီယံကို ၁ နှစ်တစ်ကြိမ် (သို့မဟုတ်) ၆လ တစ်ကြိမ် (သို့မဟုတ်) ၃လတစ်ကြိမ် (သို့မဟုတ်) ၁လတစ်ကြိမ် ပေးသွင်း နိုင်ပါသည်။ ပရီမီယံကို ၁ နှစ် တစ်ကြိမ် (သို့မဟုတ်) ၆လ တစ်ကြိမ် (သို့မဟုတ်) ၃လတစ်ကြိမ်ပေးသွင်းသည့်ပေါ်လစီများအတွက် အရစ်ကျပရီမီယံကို ပေါ်လစီတွင် ဖော်ပြထားသည့် ပရီမီယံပေးသွင်းရန် စသည့်နေ့မှ အပိုရက်ပေါင်း (၃၀) အတွင်းသော်လည်းကောင်း၊ (၁) လတစ်ကြိမ် ပေးသွင်းသည့် ပေါ်လစီများအတွက် ပေးသွင်းရန် စေ့သည့်နေ့မှ အပိုရက်ပေါင်း (၁၅) ရက် အတွင်း သော်လည်းကောင်း ပေးသွင်းရပါမည်။ အပိုရက်အတွင်း ပရီမီယံ ပေးသွင်းရန် ပျက်ကွက်လျှင် ပေါ်လစီပျက်ပြယ်သည်။

- **ပရီမီယံပေးသွင်းရမည့်ကာလ**

  ပမာဏတူ ပရီမီယံကို အာမခံသက်တမ်းတလျှောက် ပေးသွင်းရပါမည်။

- **ပရီမီယံနှုန်း**

  အာမခံထားသူရင်သွေး၏အသက်၊ အာမခံသက်တမ်း၊ အာမခံထားငွေ တို့ပေါ်တွင် မူတည်၍ တွက်ချက်ပါသည်။

- **အာမခံတံဆိပ်ခေါင်းကပ်ခြင်း**

  အာမခံထားငွေကျပ် (၁) သိန်းတိုင်းအတွက် အာမခံတံဆိပ်ခေါင်းတန်ဖိုးကျပ်(၃၀) တိတိကပ်နှိပ်ရပါမည်။

- **အကျိုးကျေးဇူးများ**

  - စာသင်သားအသက်အာမခံအကျိုးခံစားခွင့်ငွေကိုတက္ကသိုလ်ပညာရေးအတွက် ပညာရေးစရိတ်အဖြစ် အာမခံထားသူရင်သွေးငယ်အသက် (၁၇) နှစ် (နောက်မွေးနေ့တွင်ပြည့်မည့်အသက်) မှစ၍ အသက် (၂၀) နှစ်အထိ (၄) နှစ်အရစ်ကျ ရရှိခံစားနိုင်ပါသည်။

  - အာမခံသက်တမ်းအတွင်းအာမခံဝယ်ယူသူ (မိခင်/ဖခင်) သေဆုံး (သို့မဟုတ်)ထာဝစဉ်မသန်စွမ်းဖြစ်ပါကဖြစ်သည့်အချိန်မှစ၍ ပရီမီယံဆက်လက်ပေးသွင်းရန်မလိုဘဲစာသင်သားအသက်အာမခံ အကျိုးခံစားခွင့်ကို အာမခံထားသူ ရင်သွေးငယ်အသက် (၁၇) နှစ်မှစ၍ အရစ်ကျ ရရှိခံစားနိုင်သည်။

  - ပေါ်လစီတည်မြဲနေစဉ်ကာလအတွင်း အာမခံထားသူ ရင်သွေးငယ် သေဆုံးခဲ့လျှင် အာမခံထားသည့် ရင်သွေးငယ်သည် အသက် (၁) နှစ်မှ (၃) နှစ်အတွင်းဖြစ်ပါက အာမခံထားငွေ၏၂၅% သာထုတ်ပေးမည်ဖြစ်ပြီး အာမခံထားသူရင်သွေးငယ်အသက် (၃) နှစ်ပြည့်သည့်နေ့မှ နောက်ပိုင်းသေဆုံးခဲ့လျှင်အာမခံထားငွေကိုထုတ်ပေးမည်ဖြစ်ပါသည်။ အကျိုးခံစားခွင့် ထုတ်ပေးရာတွင် ပေးပြီးအကျိုးခံစားခွင့်နှင့် ကုမ္ပဏီမှ ရရန်ရှိသော ငွေများကိုနုတ်၍ ကျန်ငွေကိုသာ အာမခံဝယ်ယူသူအား တစ်လုံးတည်း ထုတ်ပေးပါမည်။ အာမခံထားသူရင်သွေးငယ် သေဆုံးခြင်းအကျိုးခံစားခွင့်ကို ထုတ်ပေးပြီးချိန်တွင် ပေါ်လစီ ရပ်ဆိုင်းသွားမည် ဖြစ်ပါသည်။ ပရီမီယံသက်တမ်း ပြီးဆုံးသည့် နောက်ပိုင်း အာမခံထားသူရင်သွေးငယ်သေဆုံးခြင်း (သို့) ထာဝစဉ် မသန်စွမ်း ဖြစ်လျှင် အာမခံထားငွေမှ ယခင်ပေးပြီး အကျိုးခံစားခွင့်ကို နုတ်၍ ကျန်အာမခံထားငွေကိုသာ ပေးမည်ဖြစ်ပါသည်။ စုစုပေါင်းအာမခံထားငွေအထိသာ ပေးချေ သွားမည်ဖြစ်ပါသည်။

  - အာမခံဝယ်ယူသူ (မိခင်/ဖခင်) သည် ပေးသွင်းရသည့် ပရီမီယံအတွက် ဝင်ငွေခွန် သက်သာခွင့်ရှိပါသည်။

  - စာသင်သားအသက်အာမခံမှ ရရှိသည့် အကျိုးခံစားခွင့်ကို မည်သည့်အကြွေးမှ ဝရမ်းမကပ်နိုင်ပါ။

  - အာမခံအကျိုးခံစားခွင့် အပေါ်တွင် အခွန်ပေးဆောင်ရန်မလိုပါ။

- **ကျန်းမာရေးစစ်ဆေးခြင်း**

  အာမခံဝယ်ယူသူနှင့် အာမခံထားသူတို့သည် အာမခံထားငွေ အရသော်လည်းကောင်း၊ အသက်အရသော်လည်းကောင်း လိုအပ်ပါက ဤကုမ္ပဏီက သတ်မှတ်သည့် ဆေးရုံ (သို့) ဆေးခန်းတွင် ကျန်းမာရေး စစ်ဆေးမှုခံယူရန် လိုပါသည်။

# STUDENT LIFE
## INSURANCE CHECKLIST
စာသင်သား အသက်အာမခံ

AMI Life အသက်အာမခံ

## • အကျိုးခံစားခွင့်

(က) ပညာသင်ထောက်ပံ့ငွေ အကျိုးခံစားခွင့်

(ခ) သေဆုံးမှုအကျိုးခံစားခွင့်

(ဂ) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်

(ဃ) ပရီမီယံကင်းလွတ်ခွင့်ပေါ်လစီမှ ရရှိသည့် အခြားခံစားခွင့်များ

(င) အာမခံဝယ်ယူသူမှ ပေါ်လစီကို စာရင်းပိတ်နိုင်ခြင်း

(စ) အာမခံဝယ်ယူသူမှ အမ်းငွေထုတ်ယူနိုင်ခြင်း

(ဆ) အာမခံဝယ်ယူသူမှ ပေးသွင်းပရီမီယံပေါ်တွင် ချေးငွေရယူနိုင်ခြင်း

## • အလိုအလျောက်ပေါ်လစီတည်မြဲခြင်း

- အမ်းငွေရသင့်တန်ဖိုးရရှိနိုင်သော ပေါ်လစီတွင် ပရီမီယံပေးသွင်းခြင်း ပျက်ကွက်သော်လည်း ပေါ်လစီမပျက်ပါ။ ပေးသွင်းရန်ကျန်သည့်ပရီမီယံအတိုးနှင့် ကုမ္ပဏီမှရရန်ငွေများကို အမ်းငွေရသင့်တန်ဖိုးမှ အရစ်ကျအတိုင်း နှုတ်ယူပြီး ပေါ်လစီကို အလိုအလျောက် တည်မြဲစေနိုင်ပါသည်။ အဆိုပါပေးသွင်းရန် ကျန်ပရီမီယံငွေပေါ်တွင် တစ်နှစ်လျှင် ၁၃% အတိုးပါ ထည့်သွင်းတွက်ချက်ပါမည်။
- အာမခံဝယ်သူမှ ပေးသွင်းရန်ကျန်သည့် ပရီမီယံကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမ်းငွေရသင့်တန်ဖိုးမှ နုတ်၍ အလီလီပေးသွင်းခြင်းဖြင့် အမ်းငွေရသင့်တန်ဖိုးကုန်သွားပါက ပေါ်လစီပျက်သည်။
- အထက်တွင် ဖော်ပြခဲ့သည့်နည်းဖြင့် အလိုအလျောက်တည်မြဲစေသည့် ပေါ်လစီအတွက် ပေးရန်ကျန်သည့် ပရီမီယံစုစုပေါင်းနှင့် အတိုးကို တစ်ကြိမ်တည်းပေးဆပ်ခြင်းဖြင့် ပေါ်လစီကို ပြန်လည်တည်မြဲ စေနိုင်ပါသည်။ ဤကဲ့သို့ တည်မြဲစေရာတွင် ကျန်းမာရေးစစ်ဆေးရန် လိုအပ်သည်ဟု ကုမ္ပဏီမှ ယူဆလျှင် ပြန်လည်စစ်ဆေးမှု ခံယူရမည်ဖြစ်ပြီးကျန်းမာရေးစရိတ်ကို အာမခံဝယ်သူမှ ကျခံရမည် ဖြစ်ပါသည်။
- ဤကဲ့သို အလိုအလျောက် ပေါ်လစီတည်မြဲနေသော ကာလအတွင်းအာမခံထားသူ ကွယ်လွန်/ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့သော် တင်ရှိနေသောပရီမီယံအကြွေးများတစ်နှစ်လျှင် ၁၃% ဖြင့်ကျသင့်အတိုး နှင့်ကုမ္ပဏီမှ ရရန်ရှိငွေများကို နှုတ်ယူပြီးလျှင် ကျန်အာမခံထားငွေ တစ်လုံးတည်း ထုတ်ပေးမည်။ သို့ရာတွင် အာမခံဝယ်သူမှ ပြန်လည်ပေးဆပ်ရမည့် စုစုပေါင်းငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေရသင့် တန်ဖိုးထက် ပိုနေလျှင် ပေါ်လစီ ပျက်ပြယ်သည်။ ထိုအချိန်တွင် အာမခံထားသူ သေဆုံး/ထာဝစဉ်မသန်စွမ်း ဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံထားသူ ကွယ်လွန်/ထာဝစဉ်မသန်စွမ်း ဖြစ်ချိန်၌ ပေါ်လစီအရ ရရှိနိုင်သော စာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီး အာမခံဝယ်သူမှ ပေးရန်ကျန်သည့် စုစုပေါင်းငွေကိုနုတ်၍ ကျန်ငွေကို အာမခံဝယ်သူ (Policy Holder) သို့ထုတ်ပေးပါမည်။
- အလိုအလျောက် ပေါ်လစီတည်မြဲနေသော ကာလအတွင်း အာမခံဝယ်သူ (Policy Holder) သည် သေဆုံး/ထာဝစဉ်မသန်စွမ်း ဖြစ်ခဲ့သော် ပရီမီယံပေးသွင်းခြင်းမှကင်းလွတ်ခွင့် အကျိုးခံစားခွင့် ရှိပါသည်။ တင်ရှိနေသော ပရီမီယံအကြွေးများ တစ်နှစ်လျှင် ၁၃% ဖြင့် ကျသင့်အတိုးနှင့် ကုမ္ပဏီမှရရန်ရှိငွေများကိုပညာသင်ထောက်ပံ့ငွေအကျိုးခံစားခွင့်မှလည်းကောင်း၊ ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်မှလည်းကောင်း၊ သေဆုံးအကျိုးခံစားခွင့်မှ လည်းကောင်း နှုတ်၍ ပေးပါမည်။ သို့ရာတွင် အာမခံဝယ်ယူသူမှ ပြန်လည်ပေးဆပ်ရမည့် စုစုပေါင်းငွေပမာဏသည် ၎င်းရခွင့်ရှိသော အမ်းငွေရသင့်တန်ဖိုး ထက်ပိုနေလျှင် ပေါ်လစီပျက်ပြယ်သည်။ ထိုအချိန်တွင် အာမခံဝယ်သူ သေဆုံး/ထာဝစဉ်မသန်စွမ်းဖြစ်ပါက အာမခံထားငွေကို ရနိုင်ခွင့်မရှိပါ။ သို့ရာတွင် အာမခံဝယ်သူ (Policy Holder) သေဆုံး/ထာဝစဉ် မသန်စွမ်း ဖြစ်ချိန်၌ ပေါ်လစီအရ ရရှိနိုင်သောစာရင်းပိတ်တန်ဖိုးကို တွက်ချက်ပြီး အာမခံဝယ်သူမှ ပေးရန်ကျန်သည့် စုစုပေါင်းကိုနှုတ်၍ ကျန်ငွေကို အာမခံထားသူ အသက် (၁၇၊၁၈၊၁၉၊၂၀) တို့တွင် အရစ်ကျ အကျိုးခံစားခွင့်ပြုပါမည်။

## • လျော်ကြေးအကျုံးမဝင်သောအချက်များ

အာမခံထားသူသည် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့်သေဆုံးခဲ့လျှင် သေဆုံးမှုအကျိုးခံစားခွင့်အား ရခွင့်မရှိပါ။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်း။

(ခ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် တစ်နှစ်လျှင် သေဆုံးခြင်း။

အာမခံဝယ်ယူသူသည် အောက်ဖော်ပြပါအကြောင်းကိစ္စများကြောင့် သေဆုံးခဲ့လျှင် ပရီမီယံကင်းလွတ်ခွင့် အား ခံစားခွင့်မရှိပါ။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကိုသတ်သေခြင်း။

(ခ) အာမခံဝယ်ယူစဉ်က ဖော်ပြရန်ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် တစ်နှစ်အတွင်းသေဆုံးခြင်း။

အာမခံထားသူနှင့် အာမခံဝယ်ယူသူသည်အောက်ဖော်ပြပါအကြောင်းကိစ္စများကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခဲ့လျှင်ထာဝစဉ်မသန်စွမ်းဖြစ်မှုအကျိုးခံစားခွင့်အားရခွင့်မရှိပါ။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်းကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင် ပြုလုပ်ခြင်းကြောင့် ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ခ) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကို သတ်သေခြင်းကြောင့် မသေဘဲ ထာဝစဉ်မသန်စွမ်း ဖြစ်ခြင်း။

(ဂ) မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဃ) ဘေးအန္တရာယ် ဖြစ်စေသောဆေးကို မှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှု ကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဝယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

# STUDENT LIFE

## INSURANCE CHECKLIST

စာသင်သား အသက်အာမခံ

AMI Life အသက်အာမခံ

- **မှတ်ချက် Remark**

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံ(သို့မဟုတ်) ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် အညီချုပ်ဆို ထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှု လေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

This checklist is general information only. This is not insurance policy (or) not proposal. Also this is not financial advisory, insuring contract. You are required to know and understand all the terms and conditions stated above before signing this checklist.

ရက်စွဲ Date ____________________

| အာမခံလက်ခံသူ Insurer | | အာမခံထားသူ Insured | |
|---|---|---|---|
| လက်မှတ် Signature | ____________________ | လက်မှတ် Signature | ____________________ |
| ဝန်ထမ်းအမည် Employee's Name | ____________________ | အမည် Name | ____________________ |
| ရာထူး Position | ____________________ | ဖုန်းနံပါတ် Phone | ____________________ |

Hotline နံပါတ် 09-940077773 (Sales Enquiries: Ext 2 နှင့် Claim Enquiries: Ext (3-2)) သို့ အချိန်မရွေးဆက်သွယ်နိုင်ပါသည်။